ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့သည့် ၁၉၅၈ ခုနှစ်၊ လွှဲအပ်မှုအမှတ် - ၁ အစီရင်ခံစာအား လေ့လာတင်ပြခြင်း

စာတမ်းပြုစုသူ-

ဦးကျော်လင်းအောင်

ဦးစီးအရာရှိ၊ ဥပဒေဌာနခွဲ

ဒေါ်လှဆန်းဝင်း

ဒုတိယဦးစီးမှူး၊ ဥပဒေဌာနခွဲ

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၆ ရက်
နေပြည်တော်

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | နိဒါန်း | ၁ |
| ၁။ | အမှုအကြောင်းအရာအကျဉ်းချုပ် | ၂ |
| ၂။ | အမှုဆောင်ရွက်ပုံအဆင့်ဆင့်<br>(က) နို့တစ်စာ ပေးပို့ခြင်း<br>(ခ) လွှဲအပ်မှုအား ကြားနာခြင်း<br>(ဂ) အစီရင်ခံစာအား ဖြန့်ဝေခြင်း | ၂ |
| ၃။ | အစီရင်ခံစာအပေါ် လေ့လာတင်ပြခြင်း | ၈ |
| ၄။ | တရားလွှတ်တော်ချုပ်၏ သုံးသပ်ချက်များ | ၉ |
| ၅။ | ကိုးကားဖြစ်စဉ်အပေါ် တရားလွှတ်တော်ချုပ်၏ သုံးသပ်ချက် | ၁၃ |
| ၆။ | ယခင်ခေတ်တရားစီရင်ရေး လုပ်ထုံးလုပ်နည်းများနှင့် ယခုခေတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ထုံးလုပ်နည်းများအပေါ် နှိုင်းယှဉ်သုံးသပ်ချက် | ၁၄ |
| ၇။ | တရားလွှတ်တော်ချုပ်သို့ လွှဲအပ်မှုနှင့် ခုံရုံးသို့ သဘောထားရယူရန် တင်သွင်းလာမှုတို့အပေါ် ဆောင်ရွက်ချက်များအား လေ့လာတင်ပြခြင်း | ၁၅ |
| | နိဂုံး | ၁၇ |
| | ကိုးကားသည့်စာရွက်စာတမ်းများ | ၁၈ |
| | နောက်ဆက်တွဲများ | ၁၉ |

# တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့သည့်
# ၁၉၅၈ ခုနှစ်၊ လွှဲအပ်မှုအမှတ် - ၁  အစီရင်ခံစာအား လေ့လာတင်ပြခြင်း

## နိဒါန်း

ယခုအမှုမှာ မအူပင်မြောက်ပိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်အမတ် ဦးဘဦး၏ အမတ်အဖြစ် နုတ်ထွက်လွှာမှ ပေါ်ပေါက်လာသောပြဿနာကို ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတက **ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၁၅၁ (၁)** အရ တရားလွှတ်တော်ချုပ်သို့ သဘောထားဆုံးဖြတ်ချက်တောင်းခံရန် လွှဲအပ်မှုဖြစ်ပါသည်။

သမ္မတဦးဝင်းမောင်သည် အကြောင်းကြားစာကို သမ္မတအိမ်တော်မှ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။ သမ္မတအိမ်တော်ကို ၁၈၉၂ ခုနှစ် မှ ၁၈၉၅ ခုနှစ်ထိ ဆောက်လုပ်ခဲ့ကြောင်း သိရှိရပြီး ကုန်ကျစရိတ်အနေဖြင့် ၇၁၇၀၀၀ ရူပီးကုန်ကျခဲ့ပါသည်။ အကျယ်အဝန်းမှာ ၉၀ ဧကခန့် ကျယ်ဝန်းပြီး ရန်ကုန်ဘုရင်ခံနေထိုင်ခဲ့ကြောင်းနှင့် ပထမဆုံးသမ္မတ စဝ်ရွှေသိုက်၊ သမ္မတဦးဘဦးနှင့် သမ္မတမန်းဝင်းမောင်တို့ နေထိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

သမ္မတ၏ အကြောင်းကြားစာတွင် အောက်ပါအတိုင်းဖော်ပြထားပါသည် -

မအူပင်မြောက်ပိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်အမတ်ဦးဘဦး၏ (၁၉၅၈ ခုနှစ်၊ မေလ ၁၉ ရက်နေ့စွဲပါ) နုတ်ထွက်စာနှင့်အတူ ၎င်းစာကို စာတိုက်မှ ပေးပို့ပြီးနောက် နုတ်ထွက်ခြင်းကို ရုပ်သိမ်းသော (၁၉၅၈ ခုနှစ် ၊ မေလ ၂၁ ရက်နေ့စွဲပါ) စာတစ်စောင်ကိုလည်းကောင်း၊ နိုင်ငံတော်ရှေ့နေချုပ်ကြီး အစီရင်ခံစာနှင့်တကွ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံမှတစ်ဆင့် ရရှိရာ အခြေခံဥပဒေပုဒ်မ ၇၃(၂)(ခ) အရ ထိုအမတ်မင်းသည် နုတ်ထွက်ခဲ့သောကြောင့် ၎င်းအမတ်၏နေရာသည် လစ်လပ်သည်ဟု ကြေညာခဲ့သည်။ ဤကဲ့သို့ ကြေညာပြီးနောက် ၁၉၅၄ ခုနှစ်တွင် သထုံမြောက်ပိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်အမတ် ဦးကျော်တင့်က နုတ်ထွက်ပြီးမှ နုတ်ထွက်ခြင်းကို ရုပ်သိမ်းခဲ့သဖြင့် နိုင်ငံတော်သမ္မတဦးဘဦးက ၎င်း၏နုတ်ထွက်စာပေါ်တွင် အရေးမယူခဲ့ကြောင်းကို သိရှိရပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၇၃(၂)(ခ) အရ ဤကဲ့သို့ နုတ်ထွက်ရာတွင် လက်မှတ်ထိုး၍ **နုတ်ထွက်စာ တင်သွင်းသည့်အခါ၌ ထိုအမတ်၏နေရာသည် လစ်လပ်ရမည်ဟု** ပါရှိသော်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါလီမန် ပြည်သူ့လွှတ်တော်လုပ်ငန်းစဉ်နည်းဥပဒေ အခန်း ၃၊ ပုဒ်မ ၇(၂) အရ **နိုင်ငံတော်သမ္မတက နုတ်ထွက်စာကို လက်ခံရရှိသော အချိန်မှစ၍ ထိုအမတ်၏နေရာ လစ်လပ်သည်ဟုယူဆရမည်ဟု** ပါရှိသည်ကို တွေ့ရှိရပါသည်။

သို့အတွက် တရားလွှတ်တော်ချုပ်၏ တင်မြင်ယူဆချက်ကို ရယူလောက်အောင် ပြည်သူများအတွက် အရေးကြီးသည်ဟူသော ဥပဒေကြောင်းဆိုင်ရာ အောက်ပါပြဿနာများ ပေါ်ပေါက်လာသည်ဟုလည်းကောင်း၊ ပေါ်ပေါက်ရန် အကြောင်းရှိသည်ဟုလည်းကောင်း၊ နိုင်ငံတော်သမ္မတသည် ထင်မြင်ယူဆပါသောကြောင့် ဤပြဿနာများကို တရားလွှတ်တော်ချုပ်သို့ စဉ်းစားစေရန်အလို့ငှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ လွှဲအပ်ပါကြောင်းနှင့် ပြဿနာ (၂) ရပ်ထုတ်၍ အကြောင်းကြားခဲ့ပါသည်။

ထိုပြဿနာ (၂) ရပ်မှာ -

(က) **အခြေခံဥပဒေပုဒ်မ ၇၃(၂)(ခ) လွှတ်တော်အမတ်တဦးသည် နိုင်ငံတော်သမ္မတထံသို့ မိမိကိုယ်တိုင်လက်မှတ်ထိုး၍ အမတ်အဖြစ်မှ နုတ်ထွက်စာ တင်သွင်းခဲ့သော် ထိုနုတ်ထွက်စာကို ဥပဒေအရ ရုပ်သိမ်းနိုင်ပါသလော။**

(ခ) **ဤကဲ့သို့ မရုပ်သိမ်းနိုင်ပါလျှင် သို့တည်းမဟုတ် မရုပ်သိမ်းလျှင် ထိုအမတ်၏ နေရာသည် ဘယ်သောအခါ၌ လစ်လပ်ပါမည်နည်း"။** ဟု ပါရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

**အမှုအကြောင်းအရာအကျဉ်းချုပ်**

**၁။** အမှုအမှတ်မှာ ၁၉၅၈ ခုနှစ်၊ လွှဲအပ်မှု အမှတ် - ၁ ဖြစ်ပါသည်။ အမှုဆုံးဖြတ်သည့်ရုံးသည် တရားလွှတ်တော်ချုပ် ဖြစ်ပြီး အမှုတင်သွင်းသည့်ရက်စွဲမှာ ၁၉၅၈ ခုနှစ်၊ ဇွန်လ ၁၆ ရက် ဖြစ်ပါသည်။ ဆုံးဖြတ်ချက်ချမှတ်သည့်ရက်စွဲမှာ ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်ဖြစ်ပြီး အမှုကြာချိန်သည် ၁ လ နှင့် ၁၂ ရက် ဖြစ်ပါသည်။ တင်သွင်းသူမှာ နိုင်ငံတော်သမ္မတ ဦးဝင်းမောင်ဖြစ်ပြီး အမှုတွင်ပါဝင်သူများမှာ ဦးဘဦး (မအူပင်မြောက်ပိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်အမတ်ဟောင်း) ဖြစ်ပါသည်။ တင်သွင်းသူအတွက် လိုက်ပါဆောင်ရွက်သူမှာ ဦးရန်အောင် (နိုင်ငံတော်ရှေ့နေချုပ်ကြီးကိုယ်စား) ဖြစ်ပြီး တင်သွင်းခံရသူများအတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေကြီးမှာ ဒေါက်တာဘမော်နှင့် မစ္စတာမူလာတို့ ဖြစ်ကြပါသည်။ အမှုလက်ခံသည့်တရားသူကြီးမှာ နိုင်ငံတော်တရားရေးဝန်ကြီးချုပ် ဦးမြင့်သိန်းဖြစ်ပြီး အမိန့်ချမှတ်သည့် တရားသူကြီးများမှာ နိုင်ငံတော်တရားရေးဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးချန်ထွန်းနှင့် တရားဝန်ကြီး ဦးဘိုကြီး တို့ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

**အမှုဆောင်ရွက်ပုံအဆင့်ဆင့်**

၂။ ဤအမှုတွဲ၌ ပါဝင်သောအချက်အလက်များကို မာတိကာတွင်ဖော်ပြထားပြီး ယင်းမာတိကာ၌ အမှုတွဲတွင်ပါဝင်သော စာရွက်စာတမ်းစာရင်းတွင် မာတိကာ၊ နေ့စဉ်မှတ်တမ်း၊ ကိုးကားချက်မိတ္တူ၊ တရားလွှတ်တော်ချုပ်၏ နောက်ဆုံးအမိန့်အစီရင်ခံစာ၊ နေ့စဉ်မှတ်တမ်းများ

ပေါ်တွင် မှတ်တမ်းတင်ထားသည့် တရားရုံးများ၏ အမိန့်များကို တွေ့ရှိရပါသည်။ အခုအမှုနှင့် စပ်လျဉ်း၍ အမှုတွဲတွင်ပါဝင်သော စာရွက်စာတမ်းစာရင်းတွင်မူ နေ့စဉ်မှတ်တမ်းကို စာမျက်နှာ ၁ မှ ၃ အထိရှိကြောင်း၊ ကိုးကားချက်မိတ္တူကို စာမျက်နှာ ၄ မှ ၈ အထိရှိကြောင်း၊ တရားလွှတ်တော်ချုပ်၏ နောက်ဆုံးအမိန့်ဖြစ်သည့် အစီရင်ခံစာကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားချက် စာမျက်နှာ ၉ မှ ၁၈ အထိရှိကြောင်းနှင့် စာမျက်နှာစုစုပေါင်း ၁၈ မျက်နှာပါရှိကြောင်းကို ထိုစာရင်း၏ဇယားတွင် ဖြည့်သွင်းထားပြီး အမှုတွဲထိန်းဖြစ်သူက လက်မှတ်ရေးထိုးထားသည်ကို လည်း လေ့လာတွေ့ရှိခဲ့ရပါသည်။

၃။ ဤအခန်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားလွှတ်တော်ချုပ်က ယခုအမှုနှင့် စပ်လျဉ်း၍ ဖော်ပြထားသည့် အမှုနေ့စဉ်မှတ်တမ်းကို ဦးစွာပထမတင်ပြလိုပါသည်။ ယခုအမှုအား ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားလွှတ်တော်ချုပ်က ၁၆-၆-၁၉၅၈ ရက်နေ့တွင် လက်ခံရရှိခဲ့ သည်။

၄။ လွှဲအပ်လွှာကို ပထမဆုံးလက်ခံသူမှာ နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း ဖြစ်ပါ သည်။ ယင်းနောက် ၁၇-၆-၁၉၅၈ ရက်နေ့တွင် နိုင်ငံတော်ရှေ့နေချုပ်နှင့် မအူပင်မြို့နေ မအူပင် မြောက်ပိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်အမတ်ဟောင်း ဦးဘဦးတို့ကို "၇-၇-၁၉၅၈ ရက်နေ့ တွင် အမှုကြားနာရန်အတွက် အသိပေးရန်" ဟု ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားလွှတ်တော် ချုပ် တရားဝန်ကြီးချုပ် ဦးမြင့်သိန်းက မှတ်ချက်ပြုထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

၅။ ထို့နောက် ၁၉-၆-၁၉၅၈ ရက်နေ့တွင် နို့တစ်စာ ၂ စောင်ကို ရေးဆွဲ၍ လက်မှတ်ရေးထိုးရန် တင်ပြသည့်အတွက် ဒုတိယအတွင်းဝန် ဦးခင်မောင်သန်းက လက်မှတ်ရေးထိုးပြီးထုတ်ပြန်ခဲ့ ကြောင်း အမှုတွဲနေ့စဉ်မှတ်တမ်းအရ လေ့လာတွေ့ရှိရပါသည်။

၆။ ယင်းနို့တစ်စာ ၂ စောင်သည် အခြားနို့တစ်စာပုံစံများနှင့်မတူပဲ ဂုဏ်သရေရှိလူကြီးများကို ပေးပို့သည့် နို့တစ်စာပုံစံဖြင့် ပေးပို့ခြင်းဖြစ်ကြောင်းကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါနို့တစ်စာ များကို နိုင်ငံတော်တရားဝန်ကြီးချုပ် အဂ္ဂမဟာသရေစည်သူ ဦးမြင့်သိန်း၏ အသိမှတ်ပြုချက်အရ ၁၉-၆-၁၉၅၈ ရက်နေ့တွင် တရားလွှတ်တော်ချုပ်၊ ဒုတိယအတွင်းဝန် ဦးခင်မောင်သန်းက လက်မှတ်ရေးထိုးထုတ်ဆင့်ထားသည်ကိုလည်း တွေ့ရှိရပါသည်။

**(က) နို့တစ်စာ ပေးပို့ခြင်း**

ထိုသို့ထုတ်ဆင့်ထားသော နို့တစ်စာတစ်စောင်ဖြစ်သည့် မအူပင်မြောက်ပိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်အမတ်ဟောင်းဦးဘဦးထံ တရားလွှတ်တော်ချုပ်မှ နို့တစ်စာချအပ်ရာတွင် ဦးဘဦးနေထိုင်ရာ မအူပင်မြို့တွင်ရှိသော တွဲဘက်ခရိုင်တရားမနှင့် စက်ရှင်တရားသူကြီး

ထံသို့ ၂၀-၆-၁၉၅၈ ရက်စွဲပါ အပေါ်စာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၅၁ အရ လွှဲအပ်သောအမှု၌ တရားလွှတ်တော်ချုပ်၏ မူရင်းနှင့် နို့တစ်စာ မိတ္တူတို့ကို လွှတ်တော်ချုပ်၏ ညွှန်ကြားချက်အရ ဤစာနှင့်အတူပေး ပို့လိုက်ကြောင်း၊ အဆိုပါ နို့တစ်စာကို ဦးဘဦးသို့မည်ကဲ့သို့သောနည်းလမ်းဖြင့် ချအပ်ခဲ့ကြောင်းကိုဖော်ပြသော ထပ်ဆင့် ရေးမှတ်ချက်နှင့်တကွ နို့တစ်စာမူရင်းကို လွှတ်တော်ချုပ်သို့ ပြန်ပို့စေလိုကြောင်းနှင့် ချအပ်ခြင်း အစီရင်ခံစာကို အဆိုပါအမှုကြားနာစစ်ဆေးရန် ချိန်းဆိုထားသည့် ၇-၇-၁၉၅၈ ရက်နေ့မတိုင်မီ လွှတ်တော်ချုပ်သို့ ပြန်၍တင်သွင်းရမည်ဖြစ်ကြောင်းကို တရားလွှတ်တော်ချုပ်၊ ဒုတိယအတွင်း ဝန် ဦးခင်မောင်သန်းက လက်မှတ်ရေးထိုးပြီး ချအပ်ရမည့်နို့တစ်စာနှင့်အတူ ပေးပို့ထားကြောင်း ကို လည်း တွေ့ရှိရပါသည်။

ထိုကဲ့သို့ လွှတ်တော်ချုပ်မှပေးပို့လိုက်သော နို့တစ်စာမှာ တွဲဘက်ခရိုင်တရားမနှင့် စက်ရှင်တရားသူကြီးထံ ၂၅-၆-၁၉၅၈ ရက်နေ့တွင်ရောက်ရှိပြီး ထိုနေ့၌ပင် တွဲဘက်ခရိုင် တရားမနှင့် စက်ရှင်တရားသူကြီးက ဦးဘဦးထံနို့တစ်စာချအပ်အတည်ပြုပြီး ရက်ချိန်း မတိုင်မီပြန်ပို့ရန် မအူပင်မြို့ ဘီလစ် (ခရိုင်ဘီလစ်) အား ညွှန်ကြားမှုပြုထားသည်ကိုလည်း တွေ့ရှိရပါသည်။ ထိုသို့ညွှန်ကြားမှုရရှိသည်နှင့် ဘီလစ်က ဆင့်စာလုလင်ဦးမောင်ကြည်ကို ဦးဘဦးထံ နို့တစ်စာချအပ်စေခဲ့ကြောင်းကိုလည်း တွေ့ရှိရပါသည်။ ဆင့်စာလုလင်ဦးမောင် ကြည်သည် ထိုနေ့ နံနက် ၉ နာရီအချိန်ခန့်တွင် အမတ်မင်းဦးဘဦးကို သွားရောက်ရှာဖွေခဲ့ရာ ညနေ ၅ နာရီအချိန်ခန့်တွင် အမတ်မင်းဦးဘဦးကို တွေ့ရှိခဲ့သဖြင့် နို့တစ်စာချအပ်ပြီး ဦးဘဦး ကိုယ်တိုင် နို့တစ်စာကို လက်မှတ်ရေးထိုးယူခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

ထိုသို့ ဆင့်စာချအပ်ပြီးနောက် ဆင့်စာချအပ်သူ၏ ကျမ်းသစ္စာအစစ်ခံစာတွင် ဦးမောင်ကြည်သည် ဦးဘိုးရိပ်၏ သားဖြစ်ပြီး ဤရုံး၏ဆင့်စာလုလင် (ပျာတာ) ဖြစ်ကြောင်း၊ ရန်ကုန်မြို့ တရားလွှတ်တော်ချုပ်၌ ၁၉၅၈ ခုနှစ်၊ လွှဲအပ်မှုအမှတ်-၁ တွင် ၁၉-၆-၁၉၅၈ ရက်စွဲဖြင့် တရားလွှတ်တော်ချုပ်ရုံးက ဦးဘဦးအပေါ်ချအပ်ရန် ထုတ်ဆင့်သောအကြောင်း ကြားစာ (နို့တစ်စာ) ကို ၂၅-၆-၁၉၅၈ ရက်နေ့တွင် ရရှိခဲ့ပါကြောင်း၊ ထိုအကြောင်း ကြားစာ (နို့တစ်စာ) ကို မအူပင်မြို့၌ ၁၉၅၈ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့ နံနက် ၉ နာရီအချိန်ခန့်တွင် အမတ်မင်း ဦးဘဦးကို သွားရောက်ရှာဖွေခဲ့ရာ ညနေ ၅ နာရီအချိန်ခန့်တွင် အမတ်မင်း ဦးဘဦးကို တွေ့ရှိခဲ့သဖြင့် အကြောင်းကြားစာ (နို့တစ်စာ) တစ်စောင်ကို ပေးအပ်ပြီး မူလ အကြောင်းကြားစာ (နို့တစ်စာ) ပေါ်တွင် ဦးဘဦးကို လက်မှတ်ရေးထိုးစေခဲ့ပါ ကြောင်းဟူ၍ ပါရှိပြီး ဆင့်စာလုလင်ဦးမောင်ကြည်သည် ကျမ်းသစ္စာအစစ်ခံစာကို ၂၈-၆-၁၉၅၈ ရက်နေ့

တွင် ကျမ်းကျိန် အရာရှိရှေ့မှောက်တွင် ကျိန်ဆိုလက်မှတ်ရေးထိုးကြောင်း ကိုလေ့လာတွေ့ရှိရပါသည်။

ထိုကျမ်းသစ္စာအစစ်ခံစာနှင့်အတူ အကြောင်းကြားစာ (နို့တစ်စာ) ပြန်ပို့သောအခါ အတူပါရမည့်စာတွင် မအူပင်မြို့၊ ရာဘက်ခရိုင်တရားမနှင့် စက်ရှင်တရားမရုံးတော်၌ ၁၉၅၈ ခုနှစ်၊ ဖွန်လ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့ တရားလွှတ်တော်ချုပ်က ၁၉၅၈ ခုနှစ်၊ လွှဲအပ်မှု အမှတ်-၁ တွင် ဦးဘဦးသို့ ချအပ်စေရန် ပေးပို့လိုက်သည့် အကြောင်းကြားစာနှင့်အတူပါရှိသောအမှုစာတမ်းကို ဖတ်ကြည့်ပြီး ချအပ်သူအရာရှိက အကြောင်းကြားစာ၏ ကျောဘက်တွင် ရေးသားချက်နှင့်တကွ ကျမ်းသစ္စာအစစ်ခံစာကို ဖတ်ကြည့်ပြီးဖြစ်ပါ၍ ထိုအကြောင်းကြားစာ (နို့တစ်စာ) ကို ချအပ်သင့်သည့်အတိုင်း ချအပ်ပြီးဖြစ်ပါကြောင်းနှင့် ၎င်းအမိန့်ဆင့်စာကို ရန်ကုန်မြို့ တရားလွှတ်တော်ချုပ်၊ ဒုတိယအတွင်းဝန်ထံသို့ ကျမ်းသစ္စာအစစ်ခံစာနှင့် ဤအမှုမှတ်တမ်းလက်ခံစာတစ်စောင်နှင့်အတူ ရာဘက်ခရိုင်တရားမနှင့် စက်ရှင်တရားသူကြီးက လက်မှတ်ရေးထိုးပြီး ပြန်လည်ပေးပို့ထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

တရားလွှတ်တော်ချုပ်က နိုင်ငံတော်ရှေ့နေချုပ်ထံသို့ ချအပ်မည့် (နို့တစ်စာ) ကို ဆင့်စာလုလင်ဦးလွန်းမောင်လက်သို့ ၂၀-၆-၁၉၅၈ ရက်နေ့တွင် ပေးအပ်ပြီး ဆင့်စာလုလင် ဦးလွန်းမောင်က လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးပါသည်။ ဆင့်စာလုလင် ဦးလွန်းမောင်က နိုင်ငံတော်ရှေ့နေချုပ်ထံ ချအပ်ရမည့် (နို့တစ်စာ) ကို ၂၁-၆-၁၉၅၈ ရက်နေ့ ၁၂ နာရီတွင် နိုင်ငံတော်ရှေ့နေချုပ်ရုံးမှ ရုံးဝန်ထောက်ဦးချန်ထွန်းက ရရှိကြောင်း လက်မှတ်ရေးထိုးထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ထို့နောက် ဆင့်စာချအပ်သူ၏ ကျမ်းသစ္စာအစစ်ခံစာတွင် ဦးလွန်းမောင်သည် ဦးပိုသိန်း၏သားဖြစ်ပြီး ဆင့်စာလုလင် (ပျာတာ) တစ်ဦးဖြစ်ကြောင်း၊ ရန်ကုန်မြို့တရားလွှတ်တော်ချုပ်၌ ၁၉၅၈ ခုနှစ်၊ လွှဲအပ်မှု အမှတ်-၁ တွင် ၁၉-၆-၁၉၅၈ ရက်စွဲနှင့် ၎င်းရုံးကထုတ်သော (နို့တစ်စာ) အကြောင်းကြားစာကို နိုင်ငံတော်ရှေ့နေချုပ်အပေါ် ချအပ်ရန် ၂၀-၆-၁၉၅၈ ရက်နေ့တွင် ရရှိပါကြောင်း၊ ၂၁-၆-၁၉၅၈ ရက်နေ့ ၁၂ နာရီအချိန်တွင် နိုင်ငံတော်ရှေ့နေချုပ်အပေါ်ချအပ်သည့် (နို့တစ်စာ) အကြောင်းကြားစာတစ်စောင်ကို ရုံးဝန်ထောက်ဦးချန်ထွန်းအား ပေးအပ်ပြီး မူလ (နို့တစ်စာ) အကြောင်းကြားစာပေါ်တွင် ရုံးဝန်ထောက်ဦးချန်ထွန်းကို လက်မှတ်ရေးထိုးစေခဲ့ပါသည် ဟူ၍ပါရှိပြီး ဆင့်စာလုလင်ဦးလွန်းမောင်သည် ကျမ်းသစ္စာအစစ်ခံစာကို ၂၆-၆-၁၉၅၈ ရက်နေ့တွင် လက်မှတ်ရေးထိုးထားပြီး ကျမ်းကျိန်အရာရှိရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြောင်းကို လေ့လာတွေ့ရှိရပါသည်။

## (ခ) လွှဲအပ်မှုအား ကြားနာခြင်း

၇-၇-၁၉၅၈ ရက်နေ့တွင် ယခုအမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးချန်ထွန်းနှင့် တရားဝန်ကြီးဦးဘိုကြီးတို့၏ ရှေ့မှောက်တွင် ပြည်သူ့လွှတ်တော် အမတ်ဦးဘဦးအတွက် လိုက်ပါဆောင်ရွက်သော ပညာရှိလွှတ်တော်ရှေ့နေကြီး ဒေါက်တာ ဘမော်က ရက်ချိန်းတောင်းသည်ကို ခေတ္တနိုင်ငံတော်ရှေ့နေချုပ်ဦးရန်အောင်က ကန့်ကွက်ရန် မရှိကြောင်းပြောသဖြင့် ၁၄-၇-၁၉၅၈ ရက်နေ့တွင် ပြန်လည်ချိန်းဆိုခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

၁၄-၇-၁၉၅၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော်အမတ် ဦးဘဦးအတွက် ဒေါက်တာ ဘမော်နှင့် နိုင်ငံရေးအဖွဲ့ခေါင်းဆောင်အနေနှင့် လိုက်ပါဆောင်ရွက်သော ဒေါက်တာ ဦးအေးမောင်၊ ခေတ္တနိုင်ငံတော်ရှေ့နေချုပ်ကြီး ဦးရန်အောင်တို့အား ကြားနာခဲ့ပါသည်။ စီရင်ချက်ကို တပါတည်း ချမှတ်ခြင်းမရှိဘဲ စီရင်ချက်ချမှတ်ရန် ဆိုင်းငံ့ထားသည့် အမိန့်ချမှတ်ထားကြောင်းကိုလည်း တွေ့ရှိရပါသည်။ ရုံးတော်သဟာယအဖြစ် ဦးမြင့်ထူးလာရောက်သည်ဟုလည်း အမှုတွဲနေ့စဉ်မှတ်တမ်းများအရ လေ့လာတွေ့ရှိရပါသည်။

ထို့နောက် ၂၈-၇-၁၉၅၈ ရက်နေ့တွင် နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးချန်ထွန်းနှင့် တရားဝန်ကြီးဦးဘိုကြီး သုံးဦးရုံးထိုင်၍ နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်းက စီရင်ချက်ချမှတ်ခဲ့ပါသည်။ ဦးဘဦးအတွက် လိုက်ပါဆောင်ရွက်သော ဒေါက်တာဘမော်၏ ကိုယ်စားလွှတ်တော်ရှေ့နေကြီးမစ္စတာမူလာနှင့် နိုင်ငံတော်ရှေ့နေချုပ်ကြီး ကိုယ်စား ဦးရန်အောင်တို့ တက်ရောက်၍ အမိန့်ကြားနာသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

## (ဂ) အစီရင်ခံစာအား ဖြန့်ဝေခြင်း

ထို့အပြင် ယင်းနေ့၌ပင် ၁၉၅၈ ခုနှစ်၊ လွှဲအပ်မှုအမှတ်-၁ ၏ အစီရင်ခံစာမိတ္တူ ၁ စောင်ကို ပြန်ကြားရေးဌာန၊ ညွှန်ကြားရေးဝန် ဦးကျော်စိုးထံသို့ သတင်းအဖြစ် ဖြန့်ဖြူး ကြေညာရေးနှင့် ပတ်သက်၍ လိုအပ်သလိုအရေးယူဆောင်ရွက်ပါရန် ပေးပို့ခဲ့ကြောင်းကိုလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ အတွင်းဝန်၊ တရားရေးဝန်ကြီးဌာန အတွင်းဝန်၊ ဝတ်လုံတော်ရဒေါက်တာဘမော်၊ ခေတ္တနိုင်ငံတော်ရှေ့နေချုပ် ဦးရန်အောင်၊ ပြည်နယ်များဆိုင်ရာ ဥပဒေအကြံပေးအရာရှိထံသို့ အစီရင်ခံစာမိတ္တူ ၁ စောင်ကိုလည်းကောင်း၊ စီရင်ထုံးအယ်ဒီတာထံသို့ အစီရင်ခံစာ မိတ္တူ ၂ စောင်ကိုလည်းကောင်း ပေးပို့ခဲ့ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

၃၁-၇-၁၉၅၈ ရက်နေ့တွင် တရားလွှတ်တော်ချုပ်အတွင်းဝန် ဦးအောင်ကြီးက လက်မှတ်ရေးထိုးထားသည့်အပေါ်စာနှင့်အတူ အစီရင်ခံစာမိတ္တူ ၃ စောင်ကို နိုင်ငံတော်သမ္မတ၏အတွင်းဝန်ထံသို့ ပေးပို့ခဲ့ကြောင်းကို ယခုအမှုတွဲနေ့စဉ်မှတ်တမ်းများအရ လေ့လာတွေ့ရှိရပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားလွှတ်တော်ချုပ်၏ ၁၉၅၈ ခုနှစ်၊ လွှဲအပ်မှု အမှတ်-၁ ၏ စီရင်ချက် (အစီရင်ခံစာ)ကို အိန္ဒိယပြည်နယူးဒေလီမြို့၊ ပါလီမန် လွှတ်တော်ရုံးမှ လေ့လာကြည့်ရှုရန်အတွက် နယူးဒေလီမြို့၊ မြန်မာသံရုံးမှ တစ်ဆင့်တောင်းဆိုလာသည့်အတွက် အစီရင်ခံစာမိတ္တူ-၂ စောင်ကို တရားရေးဝန်ကြီးဌာန အားပေးပို့ရန်နှင့် ကန့်ကွက်ရန်မရှိပါက အဆိုအစီရင်ခံစာကို အင်္ဂလိပ်ဘာသာပြန်ဆိုပေးရန် မေတ္တာရပ်ခံသည့်စာကို တရားရေးဝန်ကြီးဌာန၊ အတွင်းဝန်ကိုယ်စား ဦးအေးအုန်းက ၁၈-၉-၁၉၅၈ ရက်နေ့တွင် လက်မှတ်ရေးထိုးပြီး တရားလွှတ်တော်ချုပ်၊ အတွင်းဝန်ထံသို့ ပေးပို့ထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

ထိုကဲ့သို့ တရားရေးဝန်ကြီးဌာနက ပေးပို့သော မေတ္တာရပ်ခံသည့်စာကို နောက်တနေ့ ၁၉-၉-၁၉၅၈ ရက်နေ့တွင် တရားလွှတ်တော်ချုပ်သို့ ရောက်ရှိလာသဖြင့် တရားလွှတ်တော်ချုပ်ရှိ ဦးဘမြင့်ဆိုသူက စိစစ်ပြီး ၁၉၅၈ ခုနှစ် လွှဲအပ်မှု အမှတ် -၁ စီရင်ချက်မှာ အပိုမရှိတော့ပါကြောင်း၊ တဖန်ပြန်၍ ရိုက်ရပါလိမ့်မည်ဖြစ်ကြောင်းနှင့် ဤလွှတ်တော်ချုပ်၌ ဘာသာပြန်ဌာနမရှိ၍ ဘာသာပြန်မပေးနိုင်ကြောင်း အကြောင်းကြားသင့်သည်ဟု ထင်မြင်ပါကြောင်းကို ဒုတိယအတွင်းဝန်ထံတင်ပြရာ ဒုတိယအတွင်းဝန်က သဘောတူကြောင်း မှတ်ချက်ပြုသဖြင့် ဦးဘမြင့်က စာစစ်မှူးကို အစီရင်ခံစာ ၃ စောင်ရိုက်ပေးရန် ညွှန်ကြားခဲ့ပါသည်။ ထိုနောက် ၁၉၅၈ ခုနှစ် လွှဲအပ်မှု အမှတ် - ၁ ၏ စီရင်ချက် (အစီရင် ခံစာ)မိတ္တူ ၃ စောင်ပြုလုပ်ပြီးစီး၍ စာစစ်မှူးက ပြန်လည်ပေးပို့လာပါသဖြင့် အမှာစာကို ရေးဆွဲပြီး လက်မှတ်ရေးထိုးရန် ဦးမောင်ထွန်းက ဒုတိယအတွင်းဝန် ဦးခင်မောင်သန်းထံ တင်ပြထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

ယင်းအမှာစာတွင် တရားရေးဝန်ကြီးဌာနက တောင်းဆိုထားသည့် တရားလွှတ်တော်ချုပ်၏ ၁၉၅၈ ခုနှစ်၊ လွှဲအပ်မှုအမှတ်-၁ တွင် ချမှတ်သော ဆုံးဖြတ်ချက်(အစီရင်ခံစာ) မိတ္တူ ၂ စောင်ကို ပေးပို့လိုက်ကြောင်းနှင့် ဘာသာပြန်ဆိုပေးရန် မေတ္တာရပ်ခံချက်ကိုမူ တရားလွှတ်တော်ချုပ်၌ ဘာသာပြန်ဌာနမရှိ၍ အစီရင်ခံစာများကို ဘာသာပြန်မပေးနိုင်ပါကြောင်း ဝမ်းနည်းစွာပြန်ကြားအပ်ပါသည် ဟူ၍ပါရှိသည်ကိုလည်း တွေ့ရှိရပါသည်။ ထိုအကြောင်းပြန်ကြားစာကို တရားလွှတ်တော်ချုပ်၊ ဒုတိယအတွင်းဝန် ဦးခင်မောင်သန်းက ၄-၁၀-၁၉၅၈ ရက်နေ့တွင် လက်မှတ်ရေးထိုးပြီး တရားရေးဝန်ကြီးဌာန အတွင်းဝန်ထံသို့ အကြောင်းပြန်ကြားထားသည်ကိုလည်း အမှုတွဲမှတ်တမ်းများအရ လေ့လာတွေ့ရှိရပါသည်။

**အစီရင်ခံစာအပေါ် လေ့လာတင်ပြခြင်း**

၇။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၁ အရ နိုင်ငံတော်သမ္မတက တရားလွှတ်တော်ချုပ်ထံသို့ မအူပင်မြောက်ပိုင်း မဲဆန္ဒနယ်ပြည်သူ့လွှတ်တော်အမတ်ဦးဘဦး၏ အမတ်အဖြစ်နုတ်ထွက်သည့် နုတ်ထွက်လွှာမှ ပေါ်ပေါက်လာသော ပြဿနာကိုဆုံးဖြတ်ချက်ရယူရန် လွှဲအပ်သော လွှဲအပ်မှုဖြစ်ပါသည်။ ထိုလွှဲအပ်မှုကို တရားလွှတ်တော်ချုပ်က ၁၆-၆-၁၉၅၈ ရက်နေ့တွင် ၁၉၅၈ ခုနှစ်၊ လွှဲအပ်မှု အမှတ်-၁ ဖြင့် လက်ခံခဲ့ခြင်းဖြစ်ပါသည်။ ဤလွှဲအပ်မှုကို နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးချန်ထွန်းနှင့် တရားဝန်ကြီးဦးဘိုကြီးတို့က ၂၈-၇-၁၉၅၈ ရက်နေ့တွင် စီရင်ချက်ချမှတ်ခဲ့သော အစီရင်ခံစာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၈။ ထိုလွှဲအပ်မှုတွင် နိုင်ငံတော်ရှေ့နေချုပ်ကြီးအတွက် ဒေါက်တာအေးမောင်နှင့် ဦးရန်အောင်တို့က လိုက်ပါဆောင်ရွက်ပြီး ယခင်ပြည်သူ့လွှတ်တော်အမတ်ဖြစ်သူ ဦးဘဦးအတွက် ဒေါက်တာဘမော်က လိုက်ပါဆောင်ရွက်ကြကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။ ယင်းအစီရင်ခံစာတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၁၅၁ အရ နိုင်ငံတော်သမ္မတက ဥပဒေကြောင်းဆိုင်ရာပြဿနာများဖြစ်သော -

(က) အခြေခံဥပဒေပုဒ်မ ၇၃(၂)(ခ)အရ၊ လွှတ်တော်အမတ်တဦးသည် နိုင်ငံတော်သမ္မတထံသို့ မိမိကိုယ်တိုင်လက်မှတ်ထိုး၍ အမတ်အဖြစ်မှ နုတ်ထွက်စာတင်သွင်းခဲ့သော် ထိုနုတ်ထွက်စာကို ဥပဒေအရ ရုပ်သိမ်းနိုင်ပါသလောဟူ၍ လည်းကောင်း၊

(ခ) ဤကဲ့သို့ မရုပ်သိမ်းနိုင်ပါလျှင်၊ သို့တည်းမဟုတ် မရုပ်သိမ်းလျှင် ထိုအမတ်၏နေရာ သည် ဘယ်သောအခါ၌ လစ်လပ်ပါမည်နည်းဟူ၍လည်းကောင်း

ပါရှိသည့်ပြဿနာများကို စဉ်းစားစေရန် တရားလွှတ်တော်ချုပ်သို့ လွှဲအပ်လိုက်ကြောင်းကို လေ့လာတွေ့ရှိရပါသည်။

၉။ ထိုပြဿနာမှာ မအူပင်မြောက်ပိုင်းမဲဆန္ဒနယ်ပြည်သူ့လွှတ်တော်အမတ် ဦးဘဦး၏ အမတ်အဖြစ်မှ နုတ်ထွက်စာတင်သွင်းခြင်းနှင့်ပတ်သက်၍ ပေါ်ပေါက်လာခြင်းဖြစ်ပြီး ဖြစ်ပျက်ပုံအကြောင်းခြင်းရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ၁၉-၅-၁၉၅၈ ရက်နေ့၌ **“ပါလီမန်အမတ်အဖြစ်မှ နုတ်ထွက်လိုက်ပါကြောင်း လေးစားစွာ အစီရင်ခံအပ်သည်”** ဟုပါရှိသော စာကို လက်မှတ်ထိုး၍၊ နိုင်ငံတော်

သမ္မတထံသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မအူပင်စာတိုက်တွင် ရေစစ္စတြီလုပ်ပြီး၊ ထိုနေ့ကပင် ပေးပို့လိုက်သည်။

(ခ) ၂၁-၅-၁၉၅၈ ရက်နေ့၌ တဖန်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံတော်သမ္မတထံသို့ **"ကျွန်တော်၏နုတ်ထွက်စာကို ပြန်လည်ရုပ်သိမ်းခွင့် ပြုပါရန် လေးစားစွာနှင့် မေတ္တာရပ်ခံအပ်ပါသည်"** ဟုပါရှိသည့်စာကို၊ လူတစ်ယောက်နှင့် ပေးပို့လိုက်သည်။

(ဂ) ထိုဒုတိယစာကိုယူဆောင်လာသူက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရုံးတွင် ၂၂-၅-၅၈ ရက်နေ့ နံနက် ၁၀ နာရီအချိန်၌ ပေးအပ်ကြောင်း။ ၁၉-၅-၁၉၅၈ ရက်နေ့က ပထမပေးပို့လိုက်သော စာမှာမူ စာတိုက်မှလာရသဖြင့် နောက်နှစ်နာရီကြာမှ လွှတ်တော် ဥက္ကဋ္ဌကြီးရုံးသို့ ရောက်ရှိသည်။

(ဃ) နိုင်ငံတော်ရှေ့နေချုပ်ကြီး၏ အကြံပေးချက်အရ ၎င်း၏အစီရင်ခံစာနှင့်အတူ အဆိုပါစာနှစ်စောင်ကို သမ္မတကြီးထံသို့တင်သွင်းရာ ထိုနေ့၌ပင် မအူပင်မြောက်ပိုင်းမဲဆန္ဒနယ်အမတ်၏ နေရာသည် ၁၉၅၈ ခုနှစ် မေလ ၁၉ ရက်နေ့မှစ၍ လစ်လပ်သည်ဟု ကြေညာခဲ့သည်။

**တရားလွှတ်တော်ချုပ်၏ သုံးသပ်ချက်များ**

၁၀။ ထို့နောက် တရားလွှတ်တော်ချုပ်က သုံးသပ်ထားသည်မှာ - အခြေခံဥပဒေအရ ထမ်းဆောင်ရသည့် ရာထူးများကို သက်ဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား စွန့်လွှတ်နိုင်ခွင့်ပေးထားကြောင်းကို အောက်ပါအတိုင်း ဥပမာပေးဖော်ပြသုံးသပ်ထားသည်ကိုလည်းတွေ့ရှိရပါသည် -

- ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၆၄(၁) အရ နိုင်ငံတော်သမ္မတပင်လျှင် ထွက်ခွင့်ရှိသည်မှာထင်ရှားပါကြောင်း၊ သို့သော် မည်ကဲ့သို့နုတ်ထွက်ရမည်ကို ဖော်ပြထားခြင်း မရှိကြောင်း၊
- ပုဒ်မ ၆၇ (၂) နှင့် (၅) အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ လူမျိုးစုလွှတ်တော်နာယကနှင့် ဒုတိယနာယကတို့သည် "နိုင်ငံတော်သမ္မတထံသို့ မိမိကိုယ်တိုင် လက်မှတ်ရေးထိုး တင်သွင်းသောစာဖြင့် ရာထူးမှ နုတ်ထွက်နိုင်သည်" ဟု ဖော်ပြထားကြောင်း၊

- ပုဒ်မ ၁၁၇(၁) အရ “နိုင်ငံတော်သမ္မတလက်သို့ မိမိ၏ နုတ်ထွက်လွှာကို ပေးအပ်ခြင်းဖြင့် ဝန်ကြီးချုပ်သည် အခါမရွေးရာထူးမှ နုတ်ထွက်နိုင်သည်”ဟု ဖော်ပြထားကြောင်း၊
- ပုဒ်မ ၁၁၇ (၂) အရ “နိုင်ငံတော်သမ္မတထံသို့ တင်သွင်းစေရန်၊ မိမိ၏နုတ်ထွက်လွှာ ဝန်ကြီးချုပ် လက်သို့ပေးအပ်ခြင်းဖြင့်၊ မည်သည့်အစိုးရအဖွဲ့ဝန်ကြီးမဆို၊ ရာထူးမှ နုတ်ထွက်နိုင်သည်။ နိုင်ငံတော်သမ္မတလက်ခံသောအခါ၊ ထိုသို့နုတ်ထွက်ခြင်းသည် အတည်ဖြစ်ရမည်” ဟုဖော်ပြထားကြောင်း၊
- ပုဒ်မ ၁၂၇(၁) အရ “နိုင်ငံတော်သမ္မတထံသို့ တင်သွင်းရန်ဖြစ်သော နုတ်ထွက်စာကို ဝန်ကြီးချုပ်အား ပေးအပ်ခြင်းဖြင့် နိုင်ငံတော်ရှေ့နေချုပ်သည် အခါမရွေး ရာထူးမှ နုတ်ထွက်နိုင်သည်”ဟုဖော်ပြထားကြောင်း၊
- ပုဒ်မ ၁၄၃(၁) အရ တရားဝန်ကြီးတစ်ဦးသည် “မိမိကိုယ်တိုင်လက်မှတ်ထိုးသော နုတ်ထွက်စာကို နိုင်ငံတော်သမ္မတထံသို့ တင်သွင်းခြင်းဖြင့် ရာထူးမှ နုတ်ထွက်နိုင် သည်” ဟုဖော်ပြထားကြောင်း၊
- ပုဒ်မ ၇၃(၂) (ခ) အရ “နိုင်ငံတော်သမ္မတထံသို့ မိမိကိုယ်တိုင်လက်မှတ်ထိုး၍ နုတ်ထွက်စာ တင်သွင်းခြင်းအားဖြင့် အမတ်အဖြစ်မှ နုတ်ထွက်ခဲ့သော် ထိုအမတ်၏ နေရာသည် ထိုအခါ၌ လစ်လပ်ရမည်” ဖြစ်ကြောင်း၊

ဟုဖော်ပြထားသည့် ကောက်နုတ်ချက်များကို ကြည့်ခြင်းအားဖြင့် အခြေခံဥပဒေအရ ရာထူးမှ နုတ်ထွက်လိုပါက နိုင်ငံတော်သမ္မတထံသို့ တိုက်ရိုက်သော်လည်းကောင်း၊ ဝန်ကြီးချုပ်မှ တစ်ဆင့် သော်လည်းကောင်း နုတ်ထွက်စာ တင်သွင်းရမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ဝန်ကြီးများနှင့် အမတ်များ ရာထူးမှနုတ်ထွက်ခြင်းနှင့်သက်ဆိုင်သော ပုဒ်မများမှာ ခြားနားသည်ကို တွေ့မြင်ရပါကြောင်း၊ ဝန်ကြီးများမှာ မိမိတို့၏ နုတ်ထွက်စာကို နိုင်ငံတော်သမ္မတက လက်ခံသောအခါမှသာ ထွက်ခွင့်ရသော်လည်း အမတ်များမှာနုတ်ထွက်ပါသည်ဟု အကြောင်းကြားသောအခါ၌ ထိုအမတ် ၏ နေရာသည်လစ်လပ်ရမည် ဖြစ်ပါကြောင်း၊ ပုဒ်မ ၇၃(၂)(ခ) တွင် အထူးပင်ရှင်းလင်းသော စကားလုံးများကို သုံးစွဲထား၍ အဓိပ္ပါယ်နှစ်မျိုးကောက်ယူနိုင်ရန် မဖြစ်နိုင်ပါကြောင်းဖြင့် သုံးသပ် ထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

၁၁။ ထိုအခါ ဦးဘဦးအတွက်လိုက်ပါဆောင်ရွက်သူ ပညာရှိရှေ့နေကြီးက နုတ်ထွက်ခြင်း အထ မြောက်ပါက၊ နုတ်ထွက်သော အမတ်မင်းမှာ နုတ်ထွက်ခြင်းကို ရုပ်သိမ်းနိုင်ခွင့်လုံးဝ မရှိသည်ကို

ဝန်ခံပါကြောင်း၊ သို့သော် နိုင်ငံတော်သမ္မတထံသို့ အမတ်တစ်ဦးသည် နုတ်ထွက်သည်ဟု စာရေးရုံမျှဖြင့် နုတ်ထွက်ခြင်းအရာ မရောက်သေးပါကြောင်း၊ နိုင်ငံတော်သမ္မတလက်သို့ လုပ်ရိုးလုပ်စဉ်အတိုင်းရောက်ရှိမှသာ နုတ်ထွက်ခြင်းပြီးမြောက်ပါကြောင်းဖြင့် လျှောက်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၁၂။ ပညာရှိရှေ့နေကြီးက နိုင်ငံတော်သမ္မတထံသို့ နောက်ထပ်ပေးပို့သည့် နုတ်ထွက်ခြင်းကို ရုပ်သိမ်းခွင့်တောင်းသော စာနှင့်အတူရောက်သဖြင့် ပထမနုတ်ထွက်စာပေါ်တွင် အရေးယူရန် မလိုကြောင်းကို ချေပခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

၁၃။ ထို့နောက်ရှေ့နေကြီး၏ချေပချက်ကို ရုံးတော်က နိုင်ငံတော်သမ္မတတွင် နုတ်ထွက်ခွင့်ကို ပေးနိုင်သော အာဏာသော်လည်းကောင်း၊ ငြင်းပယ်နိုင်သည့် အာဏာသော်လည်းကောင်းရှိခဲ့ပါက ပညာရှိရှေ့နေကြီး၏ လျှောက်ထားချက်မှာ အခြေအမြစ်ရှိကောင်းရှိမည်ဖြစ်ကြောင်း၊ သို့သော် နိုင်ငံတော်သမ္မတတွင် ဤကဲ့သို့သော အာဏာလုံးဝမရှိပါကြောင်း၊ အမတ်တစ်ဦး နုတ်ထွက်သည်နှင့်တပြိုင်နက် ၎င်းအမတ်၏နေရာသည် ထိုအခါ၌လစ်လပ်ရမည်ဟု ပုဒ်မ ၇၃ (၂) (ခ) တွင် အတိအလင်းပါရှိကြောင်းကို သုံးသပ်ဖြေကြားထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

၁၄။ ထိုအခါ၌ ပညာရှိရှေ့နေကြီးက အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော အခြေခံဥပဒေတွင် ပါရှိသည့် စကားရပ်ဖြစ်သော **“by writing addressed to the President”** ကို ကိုးကား၍ **“addressed to”** ဆိုသည်မှာ အခြားနိုင်ငံအချို့တို့၏ အခြေခံဥပဒေတွင် သုံးလေ့ရှိသော စကားလုံးဖြစ်ကြောင်း။ ထို့ကြောင့် ၎င်းစကားရပ်ကို **“ပေးပို့သည်”** ဟု သာမန်အဓိပ္ပါယ် မကောက်ယူဘဲ၊ အခြေခံဥပဒေအသုံးအနှုန်းဖြစ်သည့်အလျောက်ပေးပို့ရာ၌၊ မည်ကဲ့သို့ပေးပို့ရမည်ဟု ပြဋ္ဌာန်းထားသော နည်းဥပဒေအတိုင်းလိုက်နာမှသာ **“addressed to”** ဆိုသောစကားလုံးနှင့် ကိုက်ညီမည်ဖြစ်ကြောင်း၊ ပေးပို့ရမည့်နည်းမှာလည်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၈၀ (၁) အရ ပြုလုပ်ထားသော၊ ပြည်သူ့လွှတ်တော်လုပ်ငန်းစဉ် နည်းဥပဒေ ၇(၂) က ညွှန်ကြားထားသည့်အတိုင်း နုတ်ထွက်စာကို နိုင်ငံတော်သမ္မတကလက်ခံမှသာ နုတ်ထွက်ခြင်းသည် အရာရောက်မည်ဟု လျှောက်ထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

၁၅။ ထိုသို့ပညာရှိရှေ့နေကြီး၏ လျှောက်ထားချက်အပေါ် ရုံးတော်က အင်္ဂလိပ်ဘာသာဖြင့် ရေးသားထာသော အခြေခံဥပဒေတခုတည်းကိုသာ ကိုးကားရမည်ဆိုလျှင်၊ **“addressed to”** ဆိုသော စကားလုံးမှာ ၊ အခြေခံဥပဒေအသုံးအနှုန်းဖြစ်သည် မဖြစ်သည် ငုတ်နေသော အဓိပ္ပါယ် မျိုးရှိသည် မရှိသည်တို့ကို လေးနက်စွာ ဝေဖန်ရမည်ဖြစ်ကြောင်း၊ သို့သော် အခြေခံဥပဒေပုဒ်မ

၂၁၇ အရ မြန်မာဘာသာစာမူနှင့် အင်္ဂလိပ်ဘာသာစာမူ နှစ်မူလုံးသည် ထိုဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ်တည်စေရမည်ဖြစ်၍၊ နှစ်မူလုံးကိုပင် အားထားဝေဖန်ရမည်ဖြစ်ပါကြောင်း၊ မြန်မာစာမူတွင် **"addressed to"** ဟူသော စကားရပ်အတွက် **"တင်သွင်းသည်"** ဟု ပါရှိကြောင်း၊ ရှင်းလင်းသော စကားလုံးပင်ဖြစ်၍ **"addressed to"** ဆိုသော စကားလုံးမှာလည်း၊ အင်္ဂလိပ်ဘာသာ အရ **"directed"** သို့မဟုတ် **"sent"** ဟူ၍သာ သာမန်အားဖြင့် ပြန်ဆိုရမည်ဖြစ်ကြောင်း သုံးသပ်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၁၅။ ထို့ပြင် ပြည်သူ့လွှတ်တော် လုပ်ငန်းစဉ်နည်းဥပဒေ ပုဒ်မဖြစ်သော -

**"ပုဒ်မ ၇(၁)။ အမတ်တစ်ဦးသည် မိမိကိုယ်တိုင်လက်မှတ်ရေးထိုးထားသော နုတ်ထွက်စာကို၊ နိုင်ငံတော်သမ္မတထံသို့ ဥက္ကဋ္ဌမှတစ်ဆင့် တင်သွင်းခြင်းဖြင့် အမတ်အဖြစ်မှ နုတ်ထွက်နိုင်သည် ဟူ၍လည်းကောင်း၊**

**(၂)။ နိုင်ငံတော်သမ္မတက နုတ်ထွက်စာကို လက်ခံရရှိသော အချိန်မှစ၍ ထိုအမတ်၏ နေရာလစ်လပ်သည်ဟု ယူဆရမည်" ဟူ၍လည်းကောင်း** ပြဋ္ဌာန်းထားပါသည်။

၁၆။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၈၀ (၁) တွင် **"ဤအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပါလီမန်ဆိုင်ရာလွှတ်တော်အသီးသီးသည်၊ လွှတ်တော်၏လုပ်ငန်းစဉ်နှင့် မှုခင်းကိစ္စဆောင်ရွက်မှုတို့ကို စည်းမျဉ်းသတ်မှတ်စေရန် နည်းဥပဒေများကို ပြုနိုင်သည်"** ဟု ပြဋ္ဌာန်းထားခဲ့ပါသည်။ လွှတ်တော်က ပြည်သူ့လွှတ်တော်နည်းဥပဒေများ ပြဋ္ဌာန်းရာ၌ အခြေခံဥပဒေကိုလည်း မဆန့်ကျင်စေရဟူ၍ ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ပြင် ပြည်သူ့လွှတ်တော်လုပ်ငန်းစဉ်နှင့် မှုခင်းကိစ္စဆောင်ရွက်မှုတို့နှင့်သာ သက်ဆိုင်ရမည်ဖြစ်ပါကြောင်း၊ ဤအကြောင်းများကို ထောက်ထားသော် **နည်းဥပဒေ ၇(၁) တွင် နိုင်ငံတော်သမ္မတထံ ဥက္ကဋ္ဌမှတစ်ဆင့် တင်ရမည်ဟုဆိုထားခြင်းသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၇၃(၂) (ခ) အရ အမတ်တစ်ဦး၏ နိုင်ငံတော်သမ္မတထံသို့ တိုက်ရိုက်တင်သွင်းနိုင်ခွင့်ကို ချုပ်ချယ်ရာရောက်နေသည်** ဟု သုံးသပ်ထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

၁၇။ ဥက္ကဋ္ဌမှတစ်ဆင့် တင်သွင်းရမည်ဆိုခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်သမ္မတကို လေးစားသောအားဖြင့်လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌကို နုတ်ထွက်ကြောင်းအသိပေးစေလိုခြင်းကြောင့် လည်းကောင်း၊ ဤကဲ့သို့ ဥက္ကဋ္ဌမှတစ်ဆင့် တင်လျှင်လည်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်ဟု ရုံးတော်က ကောက်ယူမည်မဟုတ်ကြောင်း၊ သို့သော် အမတ်

တစ်ဦးသည် ဥက္ကဋ္ဌထံမှတစ်ဆင့် မတင်သွင်းဘဲ နိုင်ငံတော်သမ္မထံသို့ တိုက်ရိုက်တင်သွင်းလိုလျှင်လည်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ တင်သွင်းနိုင်ခွင့်ရှိကြောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၇၃(၂)(ခ) တွင် နုတ်ထွက်ခဲ့သော် ထိုအခါ၌ အမတ်၏နေရာသည် လစ်လပ်ရမည်ဟု အတိအလင်းပါရှိပါလျက် ပြည်သူ့လွှတ်တော်လုပ်ငန်းစဉ် နည်းဥပဒေ ၇(၂) တွင် နိုင်ငံတော်သမ္မတက လက်ခံရရှိမှသာ ထိုနေရာသည်လစ်လပ်ရမည်ဟု ဆိုထားခြင်းမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်နေသည့်အပြင်၊ လွှတ်တော်၏လုပ်ငန်းစဉ်နှင့် မှုခင်းကိစ္စဆောင်ရွက်မှုများ၏ ပြင်ပသို့ရောက်နေမည် ဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော် နည်းလုပ်ငန်းစဉ်နည်းဥပဒေဆိုသည်မှာ ပြည်သူ့လွှတ်တော်အတွင်း၌သာသုံးရမည့် နည်းဥပဒေများဖြစ်၍ လွှတ်တော်၏ပြင်ပ၌ ပေါ်ပေါက်သောကိစ္စများအတွက် အကျိုးမသက်ရောက်နိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်လုပ်ငန်းစဉ် နည်းဥပဒေ ၇(၂) ကို သတ်မှတ်ပိုင်ခွင့်မရှိဟု သုံးသပ်ထားသည်ကို အစီရင်ခံစာအရ တွေ့ရှိရပါသည်။

၁၈။ ထို့အပြင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၇၃ (၂) (ခ) ကို အဓိကထားရမည်ဖြစ်ကြောင်း၊ ၎င်းပုဒ်မအရ အမတ်တစ်ဦးသည် နုတ်ထွက်လိုက ပထမအနေဖြင့်မိမိက နုတ်ထွက်ကြောင်းကို ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ဒုတိယအနေဖြင့် ထိုကဲ့သို့ဆုံးဖြတ်ကြောင်းကို လက်မှတ်ထိုး၍ စာဖြင့် နိုင်ငံတော်သမ္မတထံသို့ တင်သွင်းရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတထံသို့ ဘယ်အချိန်အခါမှ ထိုစာရောက်သည်ဆိုသောအချက်မှာ အဓိကမဟုတ်ပါကြောင်း၊ စိတ်ပိုင်းဖြတ်ပြီး နုတ်ထွက်ခြင်းသာလျှင် အဓိကဖြစ်ပြီး နိုင်ငံတော်သမ္မတထံသို့ တင်သွင်းခြင်းမှာ နုတ်ထွက်ကြောင်းကို အသိပေးခြင်းသာဖြစ်သည်ဟု ယူဆရမည်ဖြစ်ပါကြောင်း၊ အမတ်မင်းဦးဘဦး မှာ မအူပင်မြို့၌ နေထိုင်သူဖြစ်၍ မအူပင်စာတိုက်တွင် ရေစစ္စတြီလုပ်ပြီး နုတ်ထွက်စာကို ရန်ကုန်မြို့ရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် နိုင်ငံတော်သမ္မတထံသို့ ပေးပို့သောအခါ၌ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း တင်သွင်းခြင်းအထမြောက်ပါကြောင်းဖြင့် သုံးသပ်ခဲ့ပါသည်။

## ကိုးကားဖြစ်စဉ်အပေါ် တရားလွှတ်တော်ချုပ်၏ သုံးသပ်ချက်

၁၉။ ထို့အပြင် နိုင်ငံတော်သမ္မတ၏ စာလွှာ၌ပါရှိသည့် ၁၉၅၄ ခုနှစ်က ပေါ်ပေါက်ခဲ့သော အမတ်မင်း ဦးကျော်တင့်၏ကိစ္စကိုလည်း ထည့်သွင်းသုံးသပ်ထားသည်ကိုလည်း တွေ့ရှိရပါသည်။ ၎င်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရှုသည့်အခါ အဖြစ်အပျက်မှာ ဦးဘဦးကိစ္စနှင့်ခြားနားခြင်းကို တွေ့ရပါကြောင်း၊ ဦးကျော်တင့်၏စာမှာ **“ကျွန်တော်အား သထုံ**

**မြောက်ပိုင်း ပြည်သူ့လွှတ်တော်အမတ်အဖြစ်မှ နုတ်ထွက်ခွင့်ပြုပါမည့်အကြောင်း ရိုသေလေး မြတ်စွာ လျှောက်ထားအစီရင်ခံအပ်ပါသည်"** ဟု ပါရှိပြီး နောက်ထပ်၍ **"ကျွန်တော်၏ ပြည်သူ့လွှတ်တော်အမတ်အဖြစ်မှ နုတ်ထွက်ရန် ခွင့်ပြုပါမည့်အကြောင်း လျှောက်လွှာကိုပြန်လည် ရုပ်သိမ်းပါသည်"** ဟု စာတစ်စောင် ပေးပို့ပြန်သည်ကိုလည်း တွေ့ရပါကြောင်း၊ ဦးကျော်တင့်၏ စာမှာနုတ်ထွက်စာမဟုတ် နုတ်ထွက်ခွင့် တောင်းသောစာဖြစ်၍ နိုင်ငံတော်သမ္မတတွင် ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၇၃ (၂) (ခ) အရ ဤကဲ့သို့ခွင့်ပေးနိုင်ရန် အာဏာမရှိသည်က တစ်ကြောင်း၊ ခွင့်တောင်းခြင်းကိုလည်း နောက်ပေးပို့သောစာဖြင့် ပြန်လည်ရုပ်သိမ်းခဲ့သည်က တစ်ကြောင်းတို့ကြောင့် နိုင်ငံတော်သမ္မတသည် ထိုစာများအပေါ်တွင် အရေးမယူခဲ့ခြင်းသာဖြစ် ကြောင်းဖြင့် ရုံးတော်က သုံးသပ်ထားသည်ကို အစီရင်ခံစာအရ လေ့လာတွေ့ရှိရပါသည်။

**ယခင်ခေတ်တရားစီရင်ရေး လုပ်ထုံးလုပ်နည်းများနှင့် ယခုခေတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏လုပ်ထုံးလုပ်နည်းများအပေါ် နှိုင်းယှဉ်သုံးသပ်ချက်**

၂၀။ ယခုအမှုမှာ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်တောင်းခံစာကို တရားလွှတ်တော် ချုပ်တွင် လွှဲအပ်မှုအဖြစ် အမှုဖွင့်လှစ်ခဲ့ပြီး ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေးအက် ဥပဒေ ပုဒ်မ ၁၀(၄) အရ စုံညီခုံရုံးဖြင့် နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးချန်ထွန်းနှင့် တရားဝန်ကြီး ဦးဘိုကြီးတို့က ဆုံးဖြတ်ကာ အစီရင်ခံစာအဖြစ်ရေးသားပြီး သမ္မတထံ တင်ပြခဲ့ခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

၂၁။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ၁၅၁ (၁)တွင် "တရားလွှတ်တော်ချုပ်၏ ထင်မြင်ယူဆချက်ကို ယူရလောက်အောင် ပြည်သူများအတွက် အရေးကြီးသည်ဟူသော ဥပဒေ ကြောင်းဆိုင်ရာ ပြဿနာတရပ်ပေါ်ပေါက်လာသည်ဟုသော်လည်းကောင်း၊ ပေါ်ပေါက်ရန် အကြောင်းရှိသည်ဟုသော်လည်းကောင်း၊ နိုင်ငံတော်သမ္မတသည် မည်သည့်အခါ၌မဆို ထင်မြင် ယူဆခဲ့သော်၊ ထိုပြဿနာကို စဉ်းစားစေရန် တရားလွှတ်တော်ချုပ်သို့ လွှဲအပ်နိုင်ကြောင်း၊ တရားလွှတ်တော်ချုပ်ကလည်း၊ ထိုပြဿနာနှင့်စပ်လျဉ်း၍ လျော်ကန်သင့်မြတ်သည့်အတိုင်း ကြားနာစစ်ဆေးပြီးနောက်၊ နိုင်ငံတော်သမ္မတထံ အစီရင်ခံနိုင်ရမည်" ဟူ၍ ပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၂။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မူ ပုဒ်မ ၃၂၅ တွင် " ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံး၏ အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန်ကိစ္စများကို အောက်ဖော်

ပြပါ ပုဂ္ဂိုလ်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တိုက်ရိုက် တင်သွင်းခွင့်ရှိသည် -

(က) နိုင်ငံတော်သမ္မတ၊

(ခ) ပြည်ထောင်စုလွှတ်တော်နာယက၊

(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊

(ဃ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊

(င) ပြည်ထောင်စုတရားသူကြီးချုပ်၊

(စ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ။" ဟူ၍ ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

**တရားလွှတ်တော်ချုပ်သို့ လွှဲအပ်မှုနှင့် ခုံရုံးသို့ သဘောထားရယူရန် တင်သွင်းလာမှုတို့အပေါ် ဆောင်ရွက်ချက်များအား လေ့လာတင်ပြခြင်း**

၂၃။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထံ ထင်မြင်ယူဆချက်ကို ရယူရန် အမှုလွှဲအပ်သည့်အခါ၌ တရားလွှတ်တော်ချုပ်အတွင်းဝန်မှတစ်ဆင့် နိုင်ငံတော်တရားဝန်ကြီးချုပ်ထံ တင်ပြရသည်ကို တွေ့ရှိရပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ သဘောထားရယူရန် တင်သွင်းလာသည့်အခါတွင်လည်း ညွှန်ကြားရေးမှူး (တရားရေး) က စိစစ်ပြီး ညွှန်ကြားရေးမှူးချုပ်က ပုံစံ (၁) ဖြင့် ပြုစု၍ ခုံရုံးဥက္ကဋ္ဌထံသို့ တင်ပြရသည်ကိုလည်း တွေ့ရှိရပါသည်။

၂၄။ နိုင်ငံတော်တရားဝန်ကြီးချုပ်ထံ အမှုတင်ပြလာပါက အမှုအား စိစစ်မှုပြုလုပ်နိုင်ရန် (Chamber Judge) တရားဝန်ကြီးတစ်ဦးရွေးချယ်ပေးရသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခု ၁/၁၉၅၈ ခုနှစ် လွှဲအပ်မှုတွင် တရားဝန်ကြီးချုပ် ဦးမြင့်သိန်းကပင် Chamber Judge အဖြစ်ဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးထံ တင်သွင်းလွှာတင်သွင်းလာသည့်အခါ တင်သွင်းလွှာအား စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့ကို ပုံစံ (၂) ဖြင့် ဖွဲ့စည်းမိန့်ထုတ်ပြန်ရသည်ကိုလည်း လေ့လာတွေ့ရှိပါသည်။

၂၅။ တရားလွှတ်တော်ချုပ်တွင် ရုံးထိုင်၍ စီရင်ဆုံးဖြတ်မည်ဆိုလျှင် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေးအက်ဥပဒေ ပုဒ်မ ၁၀ (၄) အရ စုံညီခုံရုံးဖြင့် စီရင်ဆုံးဖြတ်ရပြီး ယခုလွှဲအပ်မှု

ကိုလည်း နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ တရားဝန်ကြီး ဦးချန်ထွန်းနှင့် တရားဝန်ကြီး ဦးဘိုကြီးတို့က စီရင်ဆုံးဖြတ်ထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် တင်သွင်းလွှာနှင့်စပ်လျဉ်း၍ ကြားနာမည်ဆိုပါက ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်အားလုံးက ကြားနာရမည်ဖြစ်ပြီး အဖွဲ့ဝင်အားလုံးတက်ရောက်နိုင်ခြင်းမရှိပါက ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်အနည်းဆုံး (၆) ဦးဖြင့် ကြားနာရမည်ဟု ခုံရုံးဥပဒေ ပုဒ်မ ၂၀ တွင် ပြဋ္ဌာန်းထားပြီး ကြားနာဆုံးဖြတ်ရန် ခုံရုံးဖွဲ့စည်းမိန့် ပုံစံ(၆) တွင် ဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။

၂၆။ တရားလွှတ်တော်ချုပ်တွင် အမှုကြားနာမည့်နေ့ရက်နှင့် အချိန်ကိုသတ်မှတ်ပြီး ကြားနာရန် ကြိုတင်သတိပေး အမှုခေါ်စာရင်းဖြင့် ရုံးတော်၏ ကြော်ငြာသင်ပုန်းတွင် ကြိုတင်ကြေညာကြောင်းကို လေ့လာတွေ့ရှိပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင်လည်း အမှုကြားနာမည့်နေ့ရက်နှင့် အချိန်သတ်မှတ်ပြီး ပုံစံ (၇) ဖြင့် ကြားနာရန် ကြိုတင်သတိပေး အမှုခေါ်စာရင်းဖြင့် ခုံရုံးကြော်ငြာသင်ပုန်းနှင့် ခုံရုံးဝက်ဘ်ဆိုက် (Website) တွင် ကြိုတင်ကြေညာကြောင်းကို လေ့လာတွေ့ရှိရပါသည်။

၂၇။ တရားလွှတ်တော်ချုပ်တွင် အမှုစီရင်ဆုံးဖြတ်ချက်ချမှတ်မည့် နေ့ရက်နှင့် အချိန်သတ်မှတ်ပြီး အမှုခေါ်စာရင်းဖြင့် ရုံးတော်၏ ကြော်ငြာသင်ပုန်းတွင် ကြိုတင်ကြေညာကြောင်းကို လေ့လာတွေ့ရှိရပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင်လည်း သဘောထားရယူရန် တင်သွင်းသော တင်သွင်းလွှာကို ကြားနာဆုံးဖြတ်မည့် နေ့ရက်နှင့် အချိန်သတ်မှတ်ပြီး ပုံစံ (၈) ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ကြော်ငြာသင်ပုန်းနှင့် (Website) တွင် ကြိုတင်ကြေညာကြောင်းကို လေ့လာတွေ့ရှိပါသည်။

၂၈။ တရားလွှတ်တော်ချုပ်တွင် အမှုကို စီရင်ဆုံးဖြတ်ပြီးနောက် စီရင်ချက်အမိန့်ဟု မရေးသားဘဲ အစီရင်ခံစာဟု ခေါင်းစီးတပ်ကာ အစီရင်ခံစာပုံစံဖြင့် ရေးသားအမိန့်ချခဲ့ပြီး ယင်းအစီရင်ခံစာမူရင်းကို နိုင်ငံတော်သမ္မတထံ ပေးပို့ကြောင်းကို လေ့လာတွေ့ရှိရပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင်လည်း အဘောထားရယူရန် တင်သွင်းသော တင်သွင်းလွှာကို ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် သက်ဆိုင်ရာပုဂ္ဂိုလ်ထံပေးပို့ခြင်း၊ နိုင်ငံတော်ပြန်တမ်းပေးပို့ခြင်း၊ သတင်းထုတ်ပြန်ခြင်းနှင့် ခုံရုံး (Website) တွင် တင်ခြင်းများကို ဆောင်ရွက်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**နိဂုံး**

၂၉။ ထိုလွှဲအပ်မှုအစီရင်ခံစာတွင် ဦးဘဦးအတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေကြီး ဒေါက်တာဘမော်သည် ဆင်ဝှေ့ရန်ရှောင်လျှောက်လဲချက်ဖြစ်သည့် “ နိုင်ငံတော်သမ္မတလက်သို့ လုပ်ရိုးလုပ်စဉ်အတိုင်း ရောက်ရှိမှသာ နုတ်ထွက်ခြင်းပြီးမြောက်ပါကြောင်း” ဆိုသည်လျှောက်ထားချက်အပေါ် ရုံးတော်က “ဦးဘဦး၏ နုတ်ထွက်စာသည် နိုင်ငံတော်သမ္မတထံသို့ နောက်ဆုံး၌ ရောက်ရှိကြောင်း ချေပသတိပေးခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရသဖြင့် တရားသူကြီးများသည် ရှေ့နေများ၏ လျှောက်ထားချက်များကို အလေးထားဂရုတစိုက်နားထောင်မှုရှိကြောင်းကို လေ့လာတွေ့ရှိရပါ သည်။

၃၀။ ယခုအမှုတွဲအား လေ့လာသည့်အခါ တရားစီရင်ရေးတွင် အမြင့်ဆုံးအဖြစ်တရားလွှတ်တော်ချုပ်မှ ဆောင်ရွက်သည်ကိုတွေ့ရှိရပါသည်။ ထို့ပြင်အုပ်ချုပ်ရေးတွင် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ စီမံခန့်ခွဲရေးတာဝန်ယူထားသည့် ဝန်ကြီးချုပ်လက်အောက်၌ တရားရေးဝန်ကြီးဌာနအား သီးခြားဖွဲ့စည်းထားသည်ကိုလည်း တွေ့ရှိရပါသည်။ သို့အတွက် တရားလွှတ်တော်ချုပ်၏ အစီရင်ခံစာကိုတရားရေး ဝန်ကြီးဌာနအား မိတ္တူပေးပို့ထားကြောင်းကိုလည်း စိစစ်တွေ့ရှိရပါသည်။

၃၁။ အမှုတွဲတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော အစီရင်ခံစာကို တွေ့ရှိရသော်လည်း အိန္ဒိယပြည်နယ်ရှိ မြန်မာသံရုံးမှ ယင်းအစီရင်ခံစာကို ဘာသာပြန်ဆိုပေးရန် တောင်းဆိုလာသည့်အခါ လွှတ်တော်ချုပ်၌ ဘာသာပြန်ဌာနမရှိဟု အကြောင်းပြန်ကြားထားသည်ကိုလည်း တွေ့လာတွေ့ရှိရပါသည်။ ထိုသို့ အကြောင်းပြန်ကြားခြင်းမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် မြန်မာဘာသာသည် ရုံးသုံးဘာသာဖြစ်ရမည်ဟူ၍ ပါရှိသည့်အတွက် အစီရင်ခံစာကို မြန်မာဘာသာဖြင့်သာ ပေးပို့ခြင်းဖြစ်ကြောင့်ကို လေ့လာတွေ့ ရှိရပါသည်။ အိန္ဒိယပြည် နယူးဒေလီမြို့ ပါလီမန်လွှတ်တော်ရုံးက ဤအမှု၏အစီရင်ခံစာအား ဖတ်ရှုလေ့လာရန် တောင်းယူသည့်အတွက် အင်္ဂလိပ်လက်အောက်တွင် ကိုလိုနီအဖြစ်အတူကျ ရောက်ခဲ့ရသည့် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် တရားစီရင်ရေးကိစ္စများတွင် လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလများ စွာကပင် စိတ်ပါဝင်စားလေ့လာမှုများရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

၃၂။ သို့ဖြစ်ပါ၍ တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့သည်မှာ -

(က) **ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၇၃ (၂)(ခ) အရ လွှတ်တော်အမတ်တစ်ဦးသည်၊ နိုင်ငံတော်သမ္မတထံသို့ မိမိကိုယ်တိုင်လက်မှတ်ထိုး၍ နုတ်ထွက်စာတင်သွင်းခဲ့သော်၊ ထိုနုတ်ထွက်စာကို ဥပဒေအရ မရုပ်သိမ်းနိုင်။**

(ခ) **ထိုအမတ်၏နေရာသည် နုတ်ထွက်စာတင်သွင်းသည့်အချိန်အခါ၌ လစ်လပ်သည်** ဟု ပြတ်သားစွာ ဆုံးဖြတ်ကာ အစီရင်ခံတင်ပြခဲ့မှုအပေါ် သမ္မတမှ လက်ခံဆောင်ရွက်ခဲ့ခြင်းဖြင့် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ တရားစီရင်ရေးသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍများနှင့် ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့သည်ကို သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကားသည့်စာရွက်စာတမ်းများ**

၁။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ

၂။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ

၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ

၄။ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေးအက်ဥပဒေ

၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါလီမန်၊ ပြည်သူ့လွှတ်တော်လုပ်ငန်းစဉ်နည်းဥပဒေများ (၁၅-၁၀-၁၉၅၂)

**နောက်ဆက်တွဲ**

## ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ

### ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၆၄ (၁)

နိုင်ငံတော်သမ္မတ ကွယ်လွန်သောအခါ၊ ရာထူးမှ နုတ်ထွက်သောအခါ၊ နုတ်ပယ်ခြင်းခံရသောအခါ၊ အလုပ်ခွင်၌ မရှိသောအခါ၊ ခေတ္တဖြစ်စေ၊ ထာဝစဉ်ဖြစ်စေ မစွမ်းမဆောင်သောအခါ၊ ထိုအခါတမျိုးမျိုးတွင်၊ ဤအခြေခံဥပဒေက နိုင်ငံတော်သမ္မတအား ပေးအပ်ထားသော အာဏာနှင့် အလုပ်ဝတ္တရားများကို အောက်၌ ပြဋ္ဌာန်းထားသည့်အတိုင်း ဖွဲ့စည်းအပ်သော "နိုင်ငံတော် ဦးသျှောင်အဖွဲ့" က သုံးစွဲဆောင်ရွက်ရမည်။

### ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၆၇ (၂)

ပြည်သူ့လွှတ်တော်တွင် ဥက္ကဋ္ဌရာထူး၌ သို့တည်းမဟုတ် ဒုတိယဥက္ကဋ္ဌရာထူး၌ ထမ်းရွက်နေသော သူသည် လွှတ်တော်အမတ်အဖြစ်မှ ရပ်စဲခဲ့လျှင် ထိုသူသည် မိမိ ထမ်းရွက်နေသော ရာထူးကို စွန့်လွှတ်ရမည်။ ထိုသူသည် မည်သည့်အခါ၌မဆို နိုင်ငံတော်သမ္မတ ထံသို့ မိမိကိုယ်တိုင် လက်မှတ်ရေးထိုး တင်သွင်းသောစာဖြင့် ရာထူးမှ နုတ်ထွက်နိုင်သည်။ သို့တည်းမဟုတ် ဥက္ကဋ္ဌကိုဖြစ်စေ ဒုတိယဥက္ကဋ္ဌကိုဖြစ်စေ လွှတ်တော်လက်ရှိ အမတ်များရာ၏ ဆုံးဖြတ်ပြဋ္ဌာန်းချက်ဖြင့် ရာထူးမှ နုတ်ပယ်နိုင်သည်။ သို့ရာတွင် ဤပုဒ်မခွဲ၏ကိစ္စအတွက် ဆုံးဖြတ်ရန်ရှိသော အဆိုကို အနည်းဆုံး ၁၄ ရက် ကြိုတင်၍ အကြောင်းကြားခြင်း မပြုလျှင် ထိုအဆိုကို လွှတ်တော်၌ မတင်မသွင်းရ။

### ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၆၇ (၅)

ဤပုဒ်မရှိ အထက်က ဖော်ပြခဲ့သော ပြဋ္ဌာန်းချက်များသည် ပြည်သူ့လွှတ်တော်နှင့် သက်ဆိုင် သကဲ့သို့ လူမျိုးစုလွှတ်တော်နှင့်လည်း သက်ဆိုင်ရမည်။ ဥက္ကဋ္ဌအစား "နာယက" ဒုတိယဥက္ကဋ္ဌအစား "ဒုတိယနာယက"ဟု သုံးစွဲရမည်။ "ပြည်သူ့လွှတ်တော်" ဟု သုံးစွဲသော နေရာများ၌ "လူမျိုးစုလွှတ် တော်" ဟု သုံးစွဲရမည်။

### ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၇၃ (၂)(ခ)

တချိန်တည်းတွင် မည်သူမျှ ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်လုံး၏ အမတ်မဖြစ်နိုင် လွှတ်တော်တရပ်တွင် အမတ်ဖြစ်နေသောသူသည် အခြားလွှတ်တော်တွင် အမတ်ဖြစ်လာခဲ့သော ထိုသူသည် ပဌမအမတ်နေရာသို့ စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) လွှတ်တော်အမတ်တဦးသည်-

(ခ) နိုင်ငံတော်သမ္မတထံသို့ မိမိကိုယ်တိုင်လက်မှတ်ထိုး၍ နုတ်ထွက်စာ တင်သွင်းခြင်းအားဖြင့် အမတ်အဖြစ်မှ နုတ်ထွက်ခဲ့သော် ထိုအမတ်၏ နေရာသည် ထိုအခါ၌ လစ်လပ်ရမည်။

**ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၈၀ (ဂ)**

ဤအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပါလီမန်ဆိုင်ရာ လွှတ်တော်အသီးသီးသည် လွှတ်တော်၏လုပ်ငန်းစဉ်နှင့်မှုခင်းကိစ္စဆောင်ရွက်မှုတို့ကို စည်းမျဉ်းသတ်မှတ်စေရန် နည်းဥပဒေများကို ပြုနိုင်သည်။

**ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၁၁၇ (၁)**

နိုင်ငံတော်သမ္မတ၏ လက်သို့ မိမိ၏ နုတ်ထွက်လွှာကို ပေးအပ်ခြင်းဖြင့် ဝန်ကြီးချုပ်သည် အခါမရွေး ရာထူးမှ နုတ်ထွက်နိုင်သည်။

**ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၁၁၇ (၂)**

နိုင်ငံတော်သမ္မတထံသို့ တင်သွင်းစေရန် မိမိ၏ နုတ်ထွက်လွှာကို ဝန်ကြီးချုပ်လက်သို့ ပေးအပ်ခြင်းဖြင့် မည်သည့်အစိုးရအဖွဲ့ဝင် ဝန်ကြီးမဆို ရာထူးမှ နုတ်ထွက်နိုင်သည်။ တဆက်တည်းဖြစ်သော အောက်ပုဒ်မခွဲအရ နိုင်ငံတော်သမ္မတက လက်ခံသောအခါ ထိုသို့ နုတ်ထွက်ခြင်းသည် အတည်ဖြစ်ရမည်။

**ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၁၂၇ (၁)**

နိုင်ငံတော်သမ္မတထံသို့ တင်သွင်းရန်ဖြစ်သော နုတ်ထွက်စာကို ဝန်ကြီးချုပ်အား ပေးအပ်ခြင်းဖြင့် နိုင်ငံတော်ရှေ့နေချုပ်သည် အခါမရွေး ရာထူးမှ နုတ်ထွက်နိုင်သည်။

**ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၁၄၃ (၁)**

လွှတ်တော်ချုပ် တရားဝန်ကြီးတဦးသည် သို့တည်းမဟုတ် လွှတ်တော်တရားဝန်ကြီး တဦးသည် မိမိကိုယ်တိုင် လက်မှတ်ထိုးသော နုတ်ထွက်စာကို နိုင်ငံတော်သမ္မတထံသို့ တင်သွင်းခြင်းဖြင့် ရာထူးမှ နုတ်ထွက်နိုင်သည်။

**ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၁၅၁ (၁)**

တရားလွှတ်တော်ချုပ်၏ ထင်မြင်ယူဆချက်ကို ယူရလောက်အောင် ပြည်သူများအတွက် အရေးကြီးသည်ဟူသော ဥပဒေအကြောင်းဆိုင်ရာ ပြဿနာတရပ်ပေါ်ပေါက်လာသည်ဟုသော်၎င်း၊ ပေါ်ပေါက်ရန် အကြောင်းရှိသည်ဟုသော်၎င်း၊ နိုင်ငံတော်သမ္မတသည် မည်သည့်အခါ၌မဆို ထင်မြင်ယူခဲ့သော်၊ ထိုပြဿနာကို စဉ်းစားစေရန် တရားလွှတ်တော်ချုပ်သို့ လွှဲအပ်နိုင်သည်။

တရားလွှတ်တော်ချုပ်ကလည်း၊ ထိုပြဿနာနှင့်စပ်လျဉ်း၍ လျော်ကန်သင့်မြတ်သည့်အတိုင်း ကြားနာစစ်ဆေးပြီးနောက်၊ နိုင်ငံတော်သမ္မတထံ အစီရင်ခံနိုင်ရမည်။

**ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၁၅၁ (၂)**

ထိုပြဿနာကို ကြားနာစစ်ဆေးစဉ်က၊ ပါဝင်ဆောင်ရွက်ကြသော တရားဝန်ကြီးများရာ၏ သဘောကြိုက်ညီချက်ဖြင့် တရားခွင်တွင် အထင်အရှားချမှတ်သော ထင်မြင်ယူဆချက်နှင့်အညီ ဤပုဒ်မအရ၊ အစီရင်ခံသည်မှတပါး၊ မည်သို့မျှ အစီရင်မခံရ၊ သို့ရာတွင် တရားဝန်ကြီးတဦးဦး၏ သဘောကွဲလွဲသော ထင်မြင်ယူဆချက်ကိုမူကား၊ ဤပုဒ်မခွဲရှိ စကားကြောင့် ထုတ်ဖော်ရေးသား ခွင့် မပြုဟု မမှတ်ယူရ။

**ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ၂၁၇**

ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ စာမူနှစ်ခုထားရှိရမည်။ တခုမှာ မြန်မာဘာသာ စာမူ ဖြစ်၍ အခြားတခုမှာ အင်္ဂလိပ်ဘာသာစာမူဖြစ်သည်။ ထိုနှစ်မူတွင် တိုင်းပြည်ပြုလွှတ်တော်ဥက္ကဋ္ဌ လက်မှတ်ရေးထိုး၍ တရားလွှတ်တော်ချုပ်၏ အတွင်းဝန်ရုံးတွင် မော်ကွန်းတင်ရမည်။ ထိုစာမူ လုံးကို ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ်သက်သေ အရာ တည်စေရမည်။

## ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ

**ပုဒ်မ၂၄၀(ခ)**

ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်သည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက်ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

**ပုဒ်မ ၃၀၃(က)**

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ သည် အောက်ပါအကြောင်းတစ်ရပ်ရပ် မပေါ်ပေါက်လျှင် အသက် ၇၀ နှစ် ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည် -

(က) မိမိသဘောအလျောက် ရာထူးမှ နုတ်ထွက်ခြင်း၊

**ပုဒ်မ ၃၂၅**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန်ကိစ္စများကို အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တိုက်ရိုက်တင်သွင်းခွင့်ရှိသည် -

(က) နိုင်ငံတော်သမ္မတ၊

(ခ) ပြည်ထောင်စုလွှတ်တော်နာယက၊

(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊

(ဃ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊

(င) ပြည်ထောင်စုတရားသူကြီးချုပ်၊

(စ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ။

## ပြည်သူ့လွှတ်တော်လုပ်ငန်းစဉ်နည်းဥပဒေများ

**ပြည်သူ့လွှတ်တော်လုပ်ငန်းစဉ်နည်းဥပဒေ ၇ (၁)**

အမတ်တဦးသည် မိမိကိုယ်တိုင် လက်မှတ်ရေးထိုးထားသော နုတ်ထွက်စာကို နိုင်ငံတော်သမ္မတထံ ဥက္ကဋ္ဌမှတဆင့် တင်သွင်းခြင်းဖြင့် အမတ်အဖြစ်မှ နုတ်ထွက်နိုင်သည်။

**ပြည်သူ့လွှတ်တော်လုပ်ငန်းစဉ်နည်းဥပဒေ ၇ (၂)**

နိုင်ငံတော်သမ္မတက နုတ်ထွက်စာကို လက်ခံရရှိသော အချိန်မှစ၍ ထိုအမတ်၏နေရာလစ်လပ်သည်ဟု ယူဆရမည်။

## ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေးအက်ဥပဒေ

**ပုဒ်မ ၁၀ (၄)**

အမှုနှင့်စပ်လျဉ်း၍ တရားသူကြီးအဖြစ်ဖြင့်သော်၎င်း၊ လွှတ်တော်ရှေ့နေအဖြစ်ဖြင့်သော်၎င်း၊ တနည်းနည်းဖြင့်သော်၎င်း ပါဝင်ဆောင်ရွက်ခဲ့သောကြောင်းကြောင့်ဖြစ်စေ ကိုယ်ကျိုးသက်ဝင်နေသော အကြောင်းကြောင့်ဖြစ်စေ တစိတ်တဒေသအားဖြင့် ပါဝင်ဆောင်ရွက်ခဲ့သော အကြောင်းကြောင့် ဖြစ်စေ၊ ထိုအမှုတွင် တရား-မစီရင်ထိုက်သော တရားဝန်ကြီးများမှတပါး၊ ပုဒ်မခွဲ(၃)အရ သတ်မှတ်ထားသော နည်းဥပဒေများရှိပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ လွှတ်တော်ချုပ်တရားဝန်ကြီးအား လုံးသည် မည်သည့်အမှုကိုမဆို စီရင်ဆုံးဖြတ်ရန်ရုံးထိုင်နိုင်ခွင့်ရှိရမည်။ မည်သည့်အမှုကိုမဆို သုံးဦးအောက်နည်းသော တရားဝန်ကြီးများက စီရင်ဆုံးဖြတ်ခြင်း မပြုရ။

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ

**ပုဒ်မ ၂၀**

တင်သွင်းလွှာနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များအားလုံးက ကြားနာဆုံးဖြတ်ရမည်။ ယင်းသို့ဆောင်ရွက်ရာတွင် တာဝန်တစ်ရပ်ရပ်အရ ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ အဖွဲ့ဝင်အားလုံး တက်ရောက်နိုင်ခြင်း မရှိပါက ဥက္ကဋ္ဌအပါအဝင် အနည်းဆုံး (၆) ဦးဖြင့် ကြားနာရမည်။